

# Gmail Tips :

# အချိန်ကုန်သက်သာစေမယ့် နည်းလမ်း ၅ ခု

၁၉၃ သန်းကျော်ရှိတဲ့ တစ်ကမ္ဘာလုံးက gmail သုံးစွဲသူတွေထဲက တစ်ယောက်သာဖြစ်ခဲ့မယ်ဆိုရင် email အပို့အယူတွေကို များပြားလှတဲ့ ထပ်ဆင့်ပံ့ပိုးမှုတွေနဲ့ အတူ နေ့စဉ် အားကိုးသုံးစွဲ နေရမှာပါ။ နာမည်ကြီးလှတဲ့ သုံးစွဲသူစိတ်ကြိုက် လိုအပ်သလို ပြုပြင်ပြောင်းလဲနိုင်တာတွေအပြင် သူ့ရဲ့ labs ကို google က ထပ်မံ ဖြည့်စွက်လိုက်ပြန်ပါတယ်။ အဲဒီထဲမှာ သုံးစွဲသူတွေအတွက် လွယ်လွယ်ကူကူ အသုံးပြုနိုင်ပြီး အချိန်ကုန်သက်သာစေမယ့် နည်းလမ်းသစ်တွေ အများကြီး ပါဝင်ပါတယ်။

များပြားလှတဲ့ စွမ်းဆောင်ချက်တွေထဲကမှ အကောင်းဆုံး ၅ ခုကိုပဲ ရွေးချယ်ပေးလိုက်ပါတယ်။ အဲဒီထဲမှာ browser တစ်မျိုးထဲမှာပဲ account အများကြီးဘယ်လိုသုံးရမလဲ၊ ကမ္ဘာအနှံ့ ခရီးသွားလာနေရသူတွေအတွက် မတူညီတဲ့ time zone တွေမှာ သူတို့ရဲ့ calendar schedule တွေကို ဘယ်နည်းဘယ်ပုံ ချိန်ညှိရမလဲ၊ စိတ်အနှောက်အယှက်ဖြစ်စရာ ရှည်လျားလှတဲ့ email ဇာတ်လမ်းတွဲတွေကို ဘယ်လိုလုပ်ရမလဲဆိုတာတွေ ပါဝင်ပါတယ်။

## ❶ ကိုယ်ရဲ့ gmail accont ကို နောက်ထပ် gmail account တစ်ခုကနေ ဘယ်လိုလှမ်းသုံးမလဲ။

ကိုယ်ပိုင်သုံးဖို့အတွက်တစ်ခု၊ ရုံးအတွက်တစ်ခု ရှိနေကြသူတွေက account ၂ ခုအကြား sign in / sign out လုပ်ရင်း ဗျာများရတာ မလွယ်လှပါဘူး။ 'Email delegation' လို့ခေါ်တဲ့ လုပ်ဆောင်မှုလေးက အရင်တုန်းကတော့ google app acount တွေမှာပဲ သုံးလို့ရခဲ့ပေမယ့် မကြာသေးခင်ကမှ gmail user တွေအားလုံး သုံးစွဲလာနိုင်ခဲ့ပါတယ်။

တကယ်လို့ ကိုယ်က ကိုယ့်ဆီကို ရောက်လာတဲ့ mail တွေအားလုံးကို reply ပြန်ဖို့ အချိန်မရှိတဲ့သူတစ်ယောက် ဖြစ်နေခဲ့ရင် ကိုယ့်ရဲ့ gmail account ကနေ ကိုယ်စားလှယ်အနေနဲ့ ဥပမာ– ကိုယ့် personal assistant ရဲ့ account ကို ပေးထားပြီး ကိုယ့်ရဲ့ mail တွေကို ကိုယ်စား reply လုပ်ပေးနိုင်းနိုင်ပါတယ်။

ဒီလိုသုံးချင်တယ်ဆိုရင်တော့ gmail ထဲက settings ကို သွားပါ။ 'Accounts and Import' ကိုနှိပ်ပြီး ကိုယ်စားလှယ်ပေးချင်တဲ့ gmail account ကို ရိုက်ထည့်ပါ။ ပြီးသွားရင် gmail က အဲဒီကိုယ်စားလှယ် gmail ဆီကို အလိုအလျောက် confirmation email ပို့ပေးပါလိမ့်မယ်။ တစ်ဖက်က လက်ခံလိုက်ပြီဆိုတာနဲ့ သူကကိုယ်ရဲ့ gmail ကို ကိုယ်စားဝင်သုံးလို့ ရသွားပါပြီ။ ဥပမာ– ရုံးသုံး gmail ကို ကိုယ့်ရဲ့ကိုယ်ပိုင် gmail ကနေ လှမ်းသုံးချင်တယ်ဆိုရင် ရုံး account ထဲမှာ ကိုယ့်ရဲ့ account ကို import လုပ်ပြီး ကိုယ့်ရဲ့ gmail ထဲကို ရောက်လာတဲ့ confirmation email ကို accept လုပ်ပေးရပါမယ်။ ဒီလို ကိုယ်စားလှယ်လွှဲထားတာကို ပြန်ရုပ်သိမ်းချင်ရင်တော့ ရုံးသုံး gmail ရဲ့ settings page ထဲမှာပဲ ပြန်ဖြုတ်ရမှာဖြစ်ပါတယ်။







## ❷ Email ဇာတ်လမ်းတွဲက လွန်မြောက်နည်း

တစ်ခါတလေ လူတကာကို reply all လုပ်ပြီးလေကြောရှည်နေတဲ့ email တွေက ကိုယ်ရဲ့ inbox ထဲမှာ အမှိုက်ရှုပ်စိတ်ပျက်စရာကောင်းလှပါတယ်။ အလွယ်ကူဆုံးရှင်းပစ်နိုင်တဲ့နည်းကတော့ gmail ရဲ့ SmartMute ပါပဲ။

သူ့ကိုသုံးထားရင် လေကြောရှည် email ဇာတ်လမ်းတွဲထဲက ကိုယ့်တစ်ယောက်တည်းဆီကို သီခြားပို့တာမျိုး၊ ဒါမှမဟုတ် ကိုယ့်ဆီကို To၊ Cc နဲ့ ပို့တဲ့ message အသစ်တွေပဲ




inbox ထဲကို ရောက်လာနိုင်ပါတော့မယ်။ SmartMute တစ်ကြိမ် enable လုပ်ထားပြီးရင် web ပေါ်မှာပဲဖြစ်ဖြစ်၊ mobile ပေါ်မှာပဲ ဖြစ်ဖြစ် သုံးလို့ရပါတယ်။

ဒီ feature ကို သုံးမယ်ဆိုရင် gmail ရဲ့ setting ထဲကိုသွား၊ Labs tab ထဲက Smart Mute ကို enable လုပ်ပြီး save လုပ်ပေးရပါမယ်။ ပြီးရင် ကိုယ် mute လုပ်ချင်တဲ့ email ကို ရွေးပြီး Gmail Toolbar >> More Actions >> Mute ကို နှိပ်ရပါမယ်။ ပြန်ဖြုတ်ချင်ရင်တော့ အဲဒီနေရာမှာပဲ unmute လုပ်ပေးလိုက်ရင် email တွေ ပြန်တွေ့ရပါလိမ့်မယ်။

## ❸ Time zone မတူတဲ့ နေရာဒေသတွေဆီက ဆွေးနွေးပွဲတွေ မလွတ်သွားစေဖို့

မကြာခဏ ခရီးသွားနေရပြီး time zone မတူတဲ့ နေရာဒေသတွေဆီက ဆွေးနွေးပွဲတွေ တက်ရောက်နေရသူတွေအဖို့တော့ ခေါင်းခဲလောက်စရာပါပဲ။ Google Calendar နဲ့ ဆိုရင်တော့ ဆွေးနွေးပွဲတွေကျင်းပမယ့်နေရာရဲ့ ဒေသစံတော်ချိန်နဲ့ မှတ်သားထားနိုင်တာမို့ နာရီကြည့်ပြီး အချိန်ခန့်မှန်းရတဲ့ ဒုက္ခက လွတ်မြောက်နိုင်ပါတယ်။ ကျင်းပမယ့်အချိန်ကို ဒေသစံတော်ချိန်နဲ့တကွ ပြသပေးပါလိမ့်မယ်။

စိတ်ဝင်စားရင်တော့ Calendar >> Create Event >> Time







Zone ကိုသွားပြီး ကျင်းပမယ့်နေရာရဲ့ Time Zone ကို ရွေးပေးလိုက်ရုံနဲ့ အချိန်ကွာတာကို အလိုအလျောက် ဖြေရှင်းပြီးသားဖြစ်သွားပါပြီ။ ပြီးတော့ လေယာဉ်စီးနေချိန်အတွင်းမှာ အချိန်ကွာခြားမှုကို စဉ်းစားစရာမလိုအောင် မတူညီတဲ့ start နဲ့ end time zone ကိုပါ ရွေးပေးထားနိုင်ပါတယ်။

## ❹ မဖတ်ရသေးတဲ့ gmail တွေကို အလိုအလျောက် ဖတ်နိုင်ဖို့

များသောအားဖြင့် inbox ထဲက mail တွေကို ဖွင့်လိုက်ပြီးရင် archive လုပ်ရင်လုပ်၊ ဒါမှမဟုတ် delete လုပ်ရင်လုပ်ကြပါတယ်။ ပြီးရင်တော့ inbox ကို ပြန်မှပဲ ကျန်ရှိနေသေးတဲ့ mail တွေကို ဆက်ဖတ်လို့ရနိုင်ပါတယ်။ Gmail Labs ရဲ့ Auto-Advance နဲ့ဆိုရင်တော့ ကျန်သေးတဲ့ mail တွေကို အလိုအလျောက် ဆက်ဖွင့်ပေးသွားမှာမို့ inbox ကို ပြန်ဝင်ရတဲ့ဒုက္ခက လွန်မြောက်သွားစေနိုင်ပါတယ်။




Auto-Advance ကို သုံးဖို့ဆိုရင်တော့ Settings ထဲက Labs ကိုသွားပါ။ ကိုယ့်အနေနဲ့ next conversation ကိုပဲ ဆက်သွားမလား၊ previous conversation ထဲကိုပဲ ပြန်ဝင်မလား၊ ဒါမှမဟုတ် thread list ကိုပဲ ပြန်သွားမလားဆိုတာကိုတော့ ရွေးပေးရပါမယ်။ ပြီးရင် enable လုပ်ကာ save လုပ်လိုက်ရုံနဲ့ အသုံးပြုနိုင်ပါပြီ။

## ❺ Browser တစ်ခုထဲမှာ gmail account ၂ ခု တပြိုင်တည်း အသုံးပြုနိုင်ဖို့

Gmail account ၂ ခုပိုင်ရှင်တွေကတော့ တစ်ခုသုံးချင်ပြီဆိုရင် လက်ရှိတစ်ခုကို sign out လုပ်၊ နောက်တစ်ခုကို sign in




ပြန်လုပ်ပြီးမှပဲ သုံးရပါတယ်။ Browser ၂ မျိုးရှိမှသာ ၂ ခု တပြိုင်တည်းသုံးလို့ရပါတယ်။ ဒါပေမဲ့ multiple account sign in နဲ့ဆိုရင်တော့ ဒီလိုအဆင်မပြေမှုတွေ မရှိတော့ပါဘူး။

သူက လက်ရှိတစ်ခုအပြင် account နောက်ထပ် ၂ ခု အထိ browser တစ်မျိုးထဲမှာပဲ တစ်ပြိုင်တည်း အသုံးပြုနိုင်စေပါတယ်။ Browser tab တစ်ခုမှာ account တစ်ခုကို ဝင်ထားပြီး tab တစ်ခုနဲ့တစ်ခု ခုန်ပျံကျော်လွှား အသုံးပြုနိုင်ပါတယ်။

အခုအချိန်အထိတော့ desktop browser တွေမှာပဲ သုံးလို့ရပြီး mobile browser တွေ ပေါ်မှာတော့ မရသေးပါဘူး။ သုံးချင်ရင်တော့ google.com/accounts ကိုသွားပြီး Multiple sign-in ဘေးက edit ကိုနှိပ်ပါ။

Check box လေးတွေ တချို့ကို ဒီဟာသုံးစွဲမှုနဲ့ ပတ်သက်လို့ နားလည်သဘောပေါက်ကြောင်း ပြောပြီးသွားရင်တော့ account page ထဲပြန်သွားပြီး တခြား account တစ်ခုပေါင်းထည့်ဖို့ email address ရဲ့ ဘေးက edit ကို နှိပ်ပေးလိုက်ပါ။ ■

သန်းဝင်း B.E (Electronics)

# အပြည့်အဝ ယုံကြည်လို့မရတဲ့ browser ရဲ့ privacy modes

သုတေသီ ၃ ယောက်ဖြစ်တဲ့ Gaurav Aggarwal ၊ Dan Boneh နဲ့ Colin Jackson တို့က private browsing modes က internet သုံးစွဲသူရဲ့ လုပ်ဆောင်မှုတွေအားလုံးကို လမ်းကြောင်းမရှင်းပေးနိုင်ဘူးလို့ တွေ့ရှိခဲ့ကြပါတယ်။

ဥပမာ– Mozilla Firefox ရဲ့ custom handler protocol က အသုံးပြုသူ privacy mode ကထွက်ပြီးတော့ တောင် URL တွေကို ကျန်ရစ်စေတယ်လို့ ဆိုပါတယ်။ Firefox ၊ IE နဲ့ Safari တွေက SSL client certificate တွေကိုထောက်ပံ့ ပေးထားပါတယ်။ Website တစ်ခုက javascript ကနေ browser ကို SSL client public/private key pair တွေ create လုပ်ဖို့ ညွှန်ကြားနိုင်ပါတယ်။ တကယ်လို့ site တစ်ခုက self-signed certificate ကို အသုံးပြုရင် IE နဲ့ Safari က Microsoft certificate value ထဲမှာ သိမ်းလိုက်ပါတယ်။ ဒါက privacy session ပြီးရင်တောင် ကျန်နေခဲ့ပါတယ်။ ဒါကြောင့် ဒီနည်းကိုသိတဲ့သူတွေက ရှာပြီး ဘာတွေသုံးစွဲသွားလဲဆိုတာ ကြည့်နိုင်ပါတယ်။



IE က SMB request ရှိတဲ့ web server မျိုးနဲ့တွေ့ရင် privacy mode နဲ့ သုံးတဲ့ user သိနိုင်ပါတယ်။ ISP အများစုက SMB port 445 ကို filter လုပ်ထားတဲ့အတွက် ဒီဟာကွက်ကို လျစ်လျူရှုထားလို့တော့ ရပါတယ်။ လေ့လာသူတွေက privacy mode ကို လျော့ပါးထိခိုက်စေတဲ့ add-on တွေကိုလည်း သတိပြုမိကြပါတယ်။ ဒီ app တွေက အသုံးပြုသူတွေ ဝင်ရောက်ခဲ့တာတွေကို record လုပ် ထားပေးပါတယ်။

ဒါကြောင့် ကိုယ့်ရဲ့ အလုပ်ရှင်က ကြည့်နေတဲ့အချိန် မလုပ်တဲ့အရာတွေကို privacy mode သုံးတဲ့အခါမှာလည်း မလုပ်ဖို့ မှတ်ချက်ချထားတာ တွေ့ရပါတယ်။ ■